**နိုင်ငံခြားသား ဒါရိုက်တာများ၊ ပညာရှင်များနှင့် ၎င်းတို့၏ မှီခိုသူများ၏ နေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမား မှတ်ပုံတင်ကတ် ပြုလုပ်ခြင်းများအတွက် Online မှ လျှောက်ထားရန် အသိပေးကြေညာခြင်း**

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်များဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများရှိ နိုင်ငံခြားသား ဒါရိုက်တာများ၊ ပညာရှင်များနှင့် ၎င်းတို့ကို မှီခိုသူများအတွက် နေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့် အလုပ်သမား မှတ်ပုံတင်ကတ် ပြုလုပ်ခြင်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့(OSS)တွင် ထောက်ခံချက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ လုပ်ငန်းရှင်များ ပိုမိုလွယ်ကူ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ Online ဖြင့် စတင်လက်ခံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန Website ဖြစ်သည့် https://www.dica.gov.mm တွင် ဆက်လက်ကြေငြာပေးသွားမည်ဖြစ်ပါသည်။

၂။ နေထိုင်ခွင့်၊ ပြည်ပြန်ဝင်ခွင့် ဗီဇာနှင့်အလုပ်သမားမှတ်ပုံတင်ကတ် ပြုလုပ်ခြင်းများကို Online မှတစ်ဆင့် ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်သော်လည်း မူလ လျှောက်ထားမှု ပုံစံနှင့် တင်ပြခြင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးတွင်လည်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ Online ဖြင့်သာ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား ဖော်ပြပါ Website တွင် ကြေငြာပေးသွားမည်ဖြစ်ပြီး တယ်လီဖုန်းနံပါတ် ၀၁-၆၅၈၂၆၀ နှင့် ၀၁-၆၅၈၂၆၃ သို့လည်း ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး